# မြွေနဲ့ ဖား

ရွှေမိ

ကာတွန်းသရုပ်ဖော် - ဖေသစ်တည်



Third Story Project

in cooperation with

myanmar Story Tellers

facebook.com/thirdstorychildrenbooks

## ကလေးတို့ ဖြေဆိုရန် မေးခွန်းများ



ပုံပြင်ထဲက မြွေလေးနဲ့ ဖားလေးဟာ
ရန်သူတွေလား၊ သူငယ်ချင်းတွေလား။



သူတို့ရဲ့ မေမေတွေက သူတို့ကို
ဘာလို့ အတူမကစားခိုင်းတာလဲ။



မြွေလေးနဲ့ ဖားလေးဟာ
တစ်ကောင်နဲ့ တစ်ကောင် ကြောက်နေ၊
ရန်ပြုနေကြရင် ပျော်ကြပါ့မလား။



ကလေးတို့ရော ကိုယ့်သူငယ်ချင်း
အချင်းချင်း ချစ်ခင်ကြမလား၊
ရန်ဖြစ်နေကြမလား။

# မြွေ နဲ့ ဖား



ရွှေဝိ

ကာတွန်း သရုပ်ဖော် – ဖေသစ်တည်

တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project

ထိုင်းရိုးရာပုံပြင်တစ်ပုဒ်ကို ကိုးကားထားပါသည်။


မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိန် (၀၁၇၉၃)
သဒ်စတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၇၃)၊ ပထမထပ်၊ ၃၈ လမ်း (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။



ဟိုးရှေးရှေးတုန်းက တောအုပ်ကြီး
တစ်ခုထဲမှာနေတဲ့ဖားလေးတစ်ကောင်ဟာ
ကစားဖော်မရှိလို့ ပျင်းရိပြီး လမ်းလျှောက်လာရင်း
သူတစ်ခါမှ မရောက်ဖူးတဲ့ နေရာကို ရောက်လာသတဲ့။





အဲဒီနေရာကိုလည်း ရောက်ရော
သူနဲ့ရှယ်တူ မြွေသေးသေးလေး
တစ်ကောင်ကို တွေ့လိုက်ရတယ်။
မြွေဆိုတာကို မမြင်ဖူးတဲ့
ဖားငယ်လေးဟာ
မြွေကိုကြောက်ရကောင်းမှန်း
မသိဘဲ အနားတိုးပြီး
သွားစပ်စုတယ်။



အဲဒီလိုပဲ မြွေလေးကလည်း ဖားဆိုတာကို
မမြင်ဖူးတာမို့ ဖားလေးကို လာမိတ်ဖွဲ့သတဲ့။
ဟော့ . . . ပုကွကွနဲ့ ဘာကောင်ပါလိမ့်လို့
မြွေလေးက မေးလိုက်တယ်။

“ငါက ဖားလေကွာ၊
ဟိုဘက်တောမှာနေတယ်၊
မင်းကရော...”လို့
ဖားလေးက ပြန်မေးလိုက်တယ်။



မြွေလေးကလည်း သူဟာ မြွေဖြစ်ကြောင်းပြောပြပြီး
သူတို့ နှစ်ကောင်ဟာ သူငယ်ချင်းတွေ
ဖြစ်သွားပြီမို့ အတူဆော့ကြဖို့
ကြံကြသတဲ့။

သူတို့နှစ်ကောင်ဟာ အတူဆော့ဖို့ ကြံကြပေမယ့်
ဖားလေးက ပုကွကွနဲ့ ခုန်ဆွဆွသွား၊
မြွေလေးက ခြေမပါလက်မပါနဲ့
တွန့်လိမ်တွန့်လိမ် သွားကြတာမို့
ဘယ်လို ကစားနည်းကမှ သူတို့နဲ့
အဆင်မပြေကြရှာဘူးတဲ့။



ဒါနဲ့ပဲ နောက်ဆုံးတော့
သူတို့ကစားနည်းတစ်ခုကို
တွေ့သွားကြတယ်။
အဲဒါ ဘာလဲဆိုတော့
ဖားလေး သွားတဲ့အတိုင်း
မြွေလေးက ခုန်ဆွဆွသွားပြီး

မြွေလေးသွားတဲ့ တွန့်တွန့်တွန့်တွန့်အတိုင်း
ဖားလေးက လိုက်သွားတာပါပဲတဲ့။
ဒီလိုကစားရတာကိုလည်း သူတို့နှစ်ကောင်ဟာ
သိပ်ပျော်ကြပါသတဲ့။



ဒီလိုနဲ့ ညနေလည်း အတော်စောင်းလာပြီမို့
သူငယ်ချင်းနှစ်ကောင်ဟာ
နောက်နေ့တွေ့ဖို့ ချိန်းခဲ့ကြပြီး
ကိုယ့်အိမ်ကို ကိုယ်ပြန်လာခဲ့တယ်။



ဖားလေးဟာ အိမ်ပြန်လာတဲ့လမ်းတစ်လျှောက်
သူ့သူငယ်ချင်း မြွေလေးသွားတဲ့
တွန့်လိမ်နေတဲ့ပုံစံနဲ့ပဲ ပြန်လာတာကို
သူ့မေမေ ဒေါ်ရွှေဖားကတွေ့တော့ လန့်သွားတာပေါ့။
ဖားလေးက မြွေနဲ့သူငယ်ချင်းဖြစ်လာပြီး မြွေအတိုင်း
သွားတာပါလို့ ပြောပြတော့ ဒေါ်ရွှေဖားက
အလွန်အမင်း ထိတ်လန့်သွားပြီး မြွေဆိုတာ
ဖားတွေရဲ့ ရန်သူဖြစ်ကြောင်း၊
ဟိုအရင်တုန်းကတည်းက မြွေဆိုတာဖားကို
တွေ့တာနဲ့ စားပစ်ကြကြောင်း၊ သူငယ်ချင်းမလုပ်ဖို့နဲ့
နောက်ကိုလည်း သွားမဆော့ဖို့တားသတဲ့။
ဖားလေးကတော့
ယောင်ချာချာနဲ့ပေါ့။





အဲဒီလိုပဲ မြွေလေးကလည်း ဖားသွားပုံအတိုင်း ခုန်ဆွဆွနဲ့ အိမ်ပြန်ခဲ့တယ်။ အိမ်ရောက်တော့ သူ့ရဲ့မေမေ ဒေါ်မြွေက မေးတော့တာပေါ့။



မြွေလေးကဖားနဲ့အတူဆော့ခဲ့ပြီး ဖားလေးက သိပ်ချစ်စရာကောင်းတယ်လို့ ပြောတော့ ဒေါ်မြွေက စိတ်ဆိုးတော့တယ်။ ဖားကို မြင်တာတောင် မစားခဲ့ဘဲ အတူဆော့ခဲ့ရလားလို့လည်း မြွေလေးကို ဆူသေးတာတဲ့။ ဖားဆိုတာ မြွေတွေရဲ့ အစာဖြစ်တာကြောင့် နောက်ဆို စားခဲ့ရမှာဖြစ်ပြီး အကောင်လိုက်ပါ မျိုပစ်ခဲ့လို့ မှာသေးတယ်တဲ့။ မြွေလေးကလည်း အတွေးတွေနဲ့ စဉ်းစားနေတာပေါ့။

နောက်နေ့ ဖားလေးနဲ့ မြွေလေးတို့ဟာ
သူတို့နှစ်ကောင်ကစားဖို့ချိန်းထားတဲ့ဆီကို
ရောက်လာကြတယ်။ ရောက်လာပေမယ့်လည်း
ဖားလေးခမျာ ကြောက်လို့ မြွေလေးနားကို
မကပ်ရဲဘဲ ဝေးဝေးကနေပဲ ဆော့ဖို့ ပြောတယ်။







ဒီတော့ မြွေလေးက
“သူငယ်ချင်းရေ မင်းနဲ့ငါဟာ
ရန်သူတွေမှမဟုတ်ကြဘဲ။ မိဘတွေ
အချင်းချင်း မတည့်ကြတာနဲ့ ငါတို့တွေ
ရန်ဖြစ်ဖို့ မလိုပါဘူးကွာ။
ဖားဟာမြွေရဲ့ အစာဆိုပေမယ့်
မင်းဟာ ငါ့ရဲ့သူငယ်ချင်း
ဖြစ်တာမို့ငါမင်းကိုမစားပါဘူး။
အတူဆော့ကြတာပေါ့”လို့
ပြောလိုက်တယ်။

ဒီတော့မှ ဖားလေးကလည်း
သူ့သူငယ်ချင်း မြွေနားကိုရဲရဲတင်းတင်း
ကပ်သွားပြီး “အေးကွာ မင်းနဲ့ငါဟာ
သူငယ်ချင်းတွေပဲ” လို့ပြောပြီး
အတူတကွ ပျော်ပျော်ရွှင်ရွှင်
ဆော့ကစားကြပါသတဲ့ကွယ်။

